رَبِّ اغْفِرْ لِي خَطِيئَتِي وَجَهْلِي، وَإِسْرَافِي فِي أَمْرِي كُلِّهِ، وَمَا أَنْتَ أَعْلَمُ بِهِ مِنِّي، اللَّهُمَّ اغْفِرْ لِي خَطَايَايَ، وَعَمْدِي وَجَهْلِي وَهَزْلِي، وَكُلُّ ذَلِكَ عِنْدِي، اللَّهُمَّ اغْفِرْ لِي مَا قَدَّمْتُ وَمَا أَخَّرْتُ، وَمَا أَسْرَرْتُ وَمَا أَعْلَنْتُ، أَنْتَ المُقَدِّمُ وَأَنْتَ المُؤَخِّرُ، وَأَنْتَ عَلَى كُلِّ شَيْءٍ قَدِيرٌ». [illegible]

ဖြစ်တော်မူပါသည်။ အရှင်မြတ်သည် အရာခပ်သိမ်းအပေါ် စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်သည်။

အဗူမူစာ အရှ်အရီ (ရသွိယလ္လာဟု အန်ဟု) သည် တမန်တော်မြတ် (ဆွလ္လလ္လာဟု အလိုင်ဟိ ဝစလ္လမ်) ထံမှ ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်သည် ဤ ဒုအာကို အမြဲ တောင်းတော်မူလေ့ရှိသည်။ «رَبِّ اغْفِرْ لِي خَطِيئَتِي وَجَهْلِي، وَإِسْرَافِي فِي أَمْرِي كُلِّهِ، وَمَا أَنْتَ أَعْلَمُ بِهِ مِنِّي، اللَّهُمَّ اغْفِرْ لِي خَطَايَايَ، وَعَمْدِي وَجَهْلِي وَهَزْلِي، وَكُلُّ ذَلِكَ عِنْدِي، اللَّهُمَّ اغْفِرْ لِي مَا قَدَّمْتُ وَمَا أَخَّرْتُ، وَمَا أَسْرَرْتُ وَمَا أَعْلَنْتُ، أَنْتَ المُقَدِّمُ وَأَنْتَ المُؤَخِّرُ، وَأَنْتَ عَلَى كُلِّ شَيْءٍ قَدِيرٌ». အို - အလ္လာဟ်အရှင်မြတ်၊
ကျွန်တော်မျိုးရဲ့ မှားယွင်းချွတ်ချော်မှု၊ မသိနားမလည်မှု၊
ကျွန်တော်မျိုးရဲ့အရေးကိစ္စဟူသမျှတွင် ကျွန်တော်မျိုး၏ လွန်ကျူးမှုနှင့်၊
ကျွန်တော်မျိုးထက် အရှင်မြတ်ပို သိတော်မူသော အရာတို့တွင် ကျွန်တော်မျိုးအား
ခွင့်လွှတ်တော်မူပါ။ အို - အလ္လာအရှင်မြတ် ကျွန်တော်မျိုး၏ အမှားများ၊
တမင်ပြောဆိုမှု၊ မေ့မှားမှု၊ နောက်ပြောင် ကျီစယ်မှုတို့ကို ခွင့်လွှတ်တော်မူပါ။
ထိုအချက်များ အားလုံးသည် ကျွန်တော်မျိုးထံတွင် ရှိနေပါ၏။ အို - အလ္လာဟ်အရှင်မြတ်
ကျွန်တော်မျိုး ယခင်က ပြုခဲ့မိသည့် အပြစ်ဂုနဟ်များ၊ နောင်အခါတွင် ပြုလုပ်မည့်
အပြစ်ဂုနဟ်များ၊ လျှို့ဝှက်ကျူးလွန်မိခဲ့သော အပြစ်ဂုနဟ်များ၊ ထင်ရှားစွာ
ကျူးလွန်မိခဲ့သော အပြစ်ဂုနဟ်များ၊ လွန်လွန်ကျူးကျူးပြုခဲ့မိသော အရာများ၊
ကျွန်တော်မျိုးထက် အရှင်မြတ် ပိုသိတော်မူသော အပြစ်ဂုနဟ်များကို
ခွင့်လွှတ်တော်မူပါ။ အရှင်မြတ်သည်သာလျှင် ရှေ့သို့တွန်းပို့တော်မူသူ၊
အရှင်မြတ်သည်သာလျှင် နောက်သို့ရွှေ့ဆိုင်းတော်မူသောအရှင် ဖြစ်တော်မူပါသည်။
အရှင်မြတ်သည် အရာခပ်သိမ်းအပေါ် စွမ်းဆောင်နိုင်တော်မူသော အရှင်ဖြစ်သည်။

[صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) ၏ ပြီးပြည့်ဆုံသည့်အနှစ်ချုပ် ဒုအာများထဲမှတစ်ခုမှာ - အို -ကျွန်တော်မျိုးအား ဖန်ဆင်းမွေးမြူတော်မူသောအရှင်မြတ်၊ ကျွန်တော်မျိုး၏ အမှားများ၊အပြစ်များ၊ ကျွန်တော်မျိုး၏ အသိပညာကင်းမဲ့မှုများနှင့် ကျွန်တော်မျိုး မသိနားမလည်ဘဲ ဖြစ်ပေါ်ခဲ့သည့် အရာများကို ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုး၏ ကိစ္စအရပ်ရပ်တွင် အလွန်အ မင်းပြုမူမိခြင်း၊ ကျွန်တော်မျိုး၏ ပျက်ကွက်မှုများနှင့် ကျွန်တော်မျိုး၏ ကန့်သတ်ချက်များကို ကျော်လွန်ခြင်းတို့တွင် (ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။) ကျွန်တော်မျိုးထက် အရှင်မြတ်ပိုသိတော်မူသည့် အရာများတွင်လည်း (ကျွန်တော်မျိုးအား ခွင့်လွှတ်တော်မူပါ။) အို -အလ္လာဟ်အရှင်မြတ်၊ အရှင်မြတ်သည် ထိုအကြောင်းအရာကိုသိရှိတော်မူပြီး ကျွန်တော်မျိုးသည် မေ့လျော့ခဲ့ပါသည်။ အို -အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုး၏ အပြစ်များ၊ ကျွန်တော်မျိုး၏ တမင်ရည်ရွယ်ပြုလုပ်မိသည့်အမှား၊ ကျွန်တော်မျိုးထံမှ ရည်ရွယ်ချက်ရှိရှိ ထွက်ပေါ်လာသော အရာများ၊ ကျွန်တော်မျိုးကိုယ်တိုင် သိရှိထားသော ကျွန်တော်မျိုး၏ အပြစ်များကိုလည်း ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုး၏ အတည်အတံပြောဆိုမှု နှင့် နောက်ပြောင်ပြောဆိုမှုတို့မှ ထွက်ပေါ်လာသော အရာများ၊ ကျွန်တော်မျိုးထံမှ အခြေအနေနှစ်မျိုးလုံးတွင် ဖြစ်ပေါ်ခဲ့သမျှကို ခွင့်လွှတ်တော်မူပါ။ ထိုအရာအားလုံးသည် ကျွန်တော်မျိုးထံတွင် ရှိပါသည်။ ထိုစုစည်းတင်ပြထားသော အပြစ်များနှင့် ချို့ယွင်းချက်များအားလုံးကို (ကျွန်တော်မျိုးကျူးလွန်မိပါသည်။) အို - အလ္လာဟ်အရှင်မြတ်၊ကျွန်တော်မျိုး ယခင်ကျူးလွန်ခဲ့သော အပြစ်များနှင့် နောင်တွင်ကျူးလွန်မိမည့် အပြစ်များကိုလည်း ခွင့်လွှတ်တော်မူပါ။ ကျွန်တော်မျိုး လျှို့ဝှက်စွာကျူးလွန်မိခဲ့သောအရာများနှင့် ကျွန်တော်မျိုး ပေါ်ပေါ်ထင်ထင်ကျူးလွန်မိခဲ့သောအရာများကို ခွင့်လွှတ်တော်မူပါ။ “ အရှင်မြတ်သည်သာလျှင် ရှေ့သို့တွန်းပို့တော်မူသူ၊ အရှင်မြတ်သည်သာလျှင်

http://www.sunnah.global/hadeeth/my/show/5483